
New Rainbow
သိုးဆောင်း

# စာရေး သူ၏ အမှာ စာ

ကျွန်တော့် စာအုပ်ရဲ့ ရှေ့ဆုံးစာမျက်နှာတွေ မှာ “အမှာ စာ”ဆိုသော ခေါင်းစဉ်နဲ့ တခြားတစ် ယောက် ဝင်ရောက်ရေး သားပေးသော စာကြောင်းရေ နည်းနည်း သော် လည်းကောင်း၊ များများ သော် လည်းကောင်း ပါလေ့ပါထ မရှိပါဘူး။ ဒါဟာလည်း ကျွန်တော့် စာအုပ်မှာ “သိုးဆောင်း”ဆိုတဲ့ နာမည် ကလွဲပြီး တခြားတစ်စုံ တစ်ယောက် ရဲ့ နာမည် ကို ဦးဦးဖျားဖျား ဖော်ပြခွင့်မပေးတဲ့ ကျွန်တော့် ရဲ့ အတ္တကြောင့် ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီစာအုပ်မှာ တော့ ကျွန်တော် ကိုယ်တိုင် အမှာ စာရေး ဖို့ လိုလာပါပြီ။ ဒီစာအုပ်လေး ဖြစ်လာဖို့ ကျွန်တော် အများ ကြီး အားထုတ်ကြိုး ပမ်းခဲ့ရတယ်။ လေ့လာမှု တွေ ၊ အနုပညာဝိညာဉ် ပူးကပ်မှု တွေ ၊ အအိပ်အစားပျက်မှု တွေ ၊ ထိုစိတ်တွေ နဲ့ ကျန်းမာရေး ညှံ့ဖျင်းမှု တွေ အများ ကြီးပါပဲ။ အမှန်အတိုင်း ပြောရရင် ဒီစာအုပ်က ရှေ့ကထွက်ပြီးသားစာအုပ်တွေ ထက် ပိုပင်ပန်းခဲ့ပါတယ်။

ဘာ ဖြစ်လို့လဲဆိုတော့ ပရိသတ်ကို ကျွန်တော် အသစ်တစ်ခုပေးချင်လို့ပါပဲ။ အနုပညာရပ် တွင် သရုပ်ဖော်ရာ၌ ရသမြောက်ဖို့သာလျှင် အဓိကကျတယ်လို့ ကျွန်တော် ခံယူပါတယ်။ ထွက်ပြီး သား စာအုပ်တွေ နဲ့ မတူတဲ့ရသမျိုးပေါ့၊ ကျွန်တော် လိုင်းခွဲရေး တာမဟုတ်ပါဘူး။ ပေးချင်တဲ့အနု ပညာကို တခြားပုံစံတစ်မျိုးနဲ့ ပရိသတ်ထဲ ထည့်ပေးတာပါ။

ဒီစာအုပ် ဖတ်ပြီးသွားလို့ ပရိသတ်တွေ ရဲ့ ရင်ထဲမှာ မတူညီတဲ့ ရသတစ်မျုးခံစားရမယ်ဆို ရင်၊ ဒီစာအုပ်နဲ့ပတ်သက်ပြီး ဗဟုသုတတစ်စုံတစ်ရာ ရရှိခဲ့မယ်ဆိုရင် ကျွန်တော် အပင်ပန်းခံရကျိုး နပ်ပါပြီ။

ဒါဟာ “သက်တံသစ်” ဆိုသော စာအုပ်နဲ့ပတ်သက်တဲ့ ကျွန်တော် ရင်တွင်းစကားလေးပါပဲ။

သိုးဆောင်း